# ဦးနေမျိုးဝေ ကိုယ်ရေးအကျဉ်း




| | | |
|---|---|---|
| အမည် | – | ဦးနေမျိုးဝေ |
| အခြားအမည် | – | မောင်ရဲရင့် ၊ မောင်တွေးရဲ |
| မွေးသက္ကရာဇ် | – | ၂၀.၃.၁၉၇၂ ( မှတ်ပုံတင်အရ )၊မွေးနေ့အမှန် ၂၂.၇.၁၉၇၂ |
| မှတ်ပုံတင်အမှတ် | – | ၁၄/ဘကလ (နိုင်) ၁၄၂၀၀၁ |
| ပညာအရည်အချင်း | – | လေကြောင်းအင်ဂျင်နီယာဘွဲ့ BE ( Aeronautical ) |
| အဖအမည် | – | ဦးလှမြင့် |
| အမိအမည် | – | ဒေါ်ယဉ်စိန် |
| ဇနီးအမည် | – | ဒေါ်သူဇာအောင် |
| သား/သမီး | – | မောင်သက်ထူးဇင် / မယဉ်မိုးအေး |
| အလုပ်အကိုင် | – | (နှုတ်ထွက်လေယဉ်စက်ပြင်)၊စတိုးဆိုင် |
| ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်လွှတ်တော် | – | မင်္ဂလာဒုံမြို့နယ်+အင်းစိန်မြို့နယ်<br>ရန်ကုန်တိုင်းအမျိုးသားလွှတ်တော်အမှတ် (၁၀) |
| အမြဲတမ်းနေရပ်လိပ်စာ | – | အမှတ် (၂/၂/၂၃၂)၊ မဟော်ဂနီလမ်း၊ထောက်ကြန့်တိုးချဲ့၊<br>မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း ။ |
| ဖုန်း | – | ၀၉၈၆၁၀၇၁၉ |
| နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခဲ့မှု | – | |

ငယ်စဉ် ကလေးဘဝ သုံးတန်းကျောင်းသားဘဝကပင်လျှင် နိုင်ငံရေးစာပေများကို ဖခင်၏ စေ့ဆော်တိုက်တွန်းမှုဖြင့် ဖတ်ရှုဖြစ်ခဲ့ပါသည် ။ ပထမဆုံးဖတ်ခဲ့ရသော နိုင်ငံရေးဝတ္ထု ( ရွှေတည်လျောင်ဘာသာပြန် သားကောင်းတစ်ယောက် ) စာအုပ်ဖြစ်သည် ။

၁၉၈၈ ခု နှစ်တွင် ၁၀ တန်းကျောင်းသားအဖြစ် ဘိုကလေးမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားဖြစ်ပါသည် ။ ထိုအချိန်တွင် ငွေစက္ကူပြဿနာကြောင့် အများပြည်သူအခက်အခဲပေါင်းများစွာ ကြုံတွေ့နေရသော ကာလဖြစ်သည် ။ ပေါက်ကွဲ လုဆဲဆဲအချိန်တွင် မိမိတို့ကိုယ်တိုင် ပါဝင်

ပြောင်းလဲရမည်ဟု ယုံကြည်ပြီး လူထုလှုပ်ရှားမှုတစ်ခုဖြစ်စေရန် လှို့ဝှက်စွာ စာပေရေးသားဖြန့်ချိခဲ့ပါသည် ။ ထိုမှတဆင့် မြို့ပေါ်ရှိ လူငယ်အများ နိုင်ငံရေးနိုးကြားလာခဲ့ပြီး ၁၉၈၈ ခု နှစ် ၈ လ ပိုင်း ၈ ရက်နေ့ တစ်နိုင်ငံလုံး ပါဝင်ခဲ့သော အရေးအခင်းကြီးတွင် နိုင်ငံရေးစေ့ဆော်သူမြို့ခံ တစ်ယောက်အဖြစ် ပတ်သက်ခဲ့ပါသည် ။

သို့သော် လူထုသပိတ်တိုက်ပွဲသည် စတင်ပြီး ၂ ရက်အကြာမှာပင် လူမိုက်ကြီးစိုးသော သပိတ်အဖြစ် ပြောင်းလဲသွားသည်ကို တွေ့ရပါသည် ။ ကျွန်ုပ်အပါအဝင် အချို့သော လူငယ်များမှ မိမိတို့မြို့ပေါ်တွင် ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ပါသော်လည်း မတတ်စွမ်းနိုင်ခဲ့ပါ ။

ဘိုကလေးမြို့တွင် ဖြစ်ပေါ်ခဲ့သော အထင်လွဲမှား ဖမ်းဆီးသတ်ဖြတ်ခဲ့မှု ကြောင့် လူ သုံးဦး အသက်ဆုံး ရှုံးခဲ့ရခြင်း ၊ အခြား လူ ၉ ဦး ကိုလည်းလူထု စုပေါင်းသတ်ဖြတ်ပွဲအဖြစ် မကျရောက်မီ လက်မတင်လေးလွတ် မြောက်ခဲ့မှုတို့ကို မျက်ဝါးထင်ထင် သံဝေဂ ယူမိပါသည် ။

လူထုဆန္ဒပြပွဲမှ လူအုပ်စု များရာ သဘောအတိုင်း ဆူပူ ခြိမ်းခြောက်မှုများကို မျက်ဝါးထင်ထင်သိ မြင်ခဲ့ရပါသည် ။ ထိုသည့်အချိန်တွင် နိုင်ငံလုံးဆိုင်ရာ လူထုသပိတ်ခေါင်းဆောင်တို့မှ စနစ်တကျ လမ်းညွှန်မှုများကို လက်ခံရရှိခဲ့ခြင်းမရှိပါ ။ လမ်းညွှန်နိုင်စွမ်းမတွေ့ရပါ ။ လမ်းညွှန်ချက်များအတိုင်း တိတိကျကျအကောင် အထည်ဖော်ရန် စည်းကမ်းသေဝပ်ရန် မဖြစ်နိုင်သော လူထု ဆန္ဒပြပွဲများ၏ အားနည်းချက်ကို သိမြင့်ခဲ့ရပါ သည် ။

ထို့နောက် ၁၉၉၀ ခု နှစ် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် စည်းရုံးရေးကို အလွတ်တမ်းလုပ်ဆောင်ပေးခဲ့ပါသည် ။ မည်သည့်ပါတီမှ ဝင်ရောက်ခဲ့ခြင်းမရှိပါ ။

၁၉၉၀ – ၉၁ တွင် ၁၀ တန်း အောင်မြင်ခဲ့ပြီး စစ်ပွဲအတွေ့အကြုံကို ထပ်မံပြည်းစမ်းခွင့်ရရှိခဲ့ပါသည် ။ ၁၉၉၁ ခု နှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့သော ကျောင်းသားများအား မြို့နယ်ပညာရေးမှူးမှ ခန့်ထားခွင့်ရှိသော မူလတန်းပြဆရာများ စတင်လုပ်ငန်းခွင်ဝင်ချိန် ဖြစ်ပါသည် ။

ငယ်သူငယ်ချင်း ကျောင်းဆရာ/ဆရာမများ တာဝန်ကျရာ ဘိုကလေးမြို့နယ် ကွင်းပုံးကျေးရွာ သို့ အလည် ရောက်ရှိခိုက် ကရင်အမျိုးသား လက်နက်ကိုင် ပဋိပက္ခ တစ်ခုကို မျက်ဝါးထင်ထင်ကြုံခဲ့ရပြန်ပါသည် ။ မည်သည့်အငြင်းပွါးဖွယ်ကိစ္စမဆို လက်နက်နှင့်ဖြေရှင်းရန်ကြိုးစားကြည့်ခြင်းသည် ညီအကိုမောင်နှမ တိုင်းရင်းသား သွေးချင်းများအကြားတွင်သာ အထိအခိုက်အပျက်အဆီးတိုးပွါးလာစေကြောင်း လေးနက်စွာ သင်ယူခဲ့ရပြန်ပါ သည် ။

စစ်ပွဲ နှင့် စစ်ပွဲကာလ စီမံခန့်ခွဲမှုများသည် ပင်ကိုယ်သဘာဝအရ လူ့အသက်ပေါင်းများစွာ ဘဝပေါင်း များစွာ ကို ထိခိုင်စေနိုင်ကြောင်း သံဝေဂယူမိပြန်ပါသည် ။ ထို ဒေသငယ်လေးတွင် ( ၁၀ ) ရက်ခန့် ဖြစ်ပွါးခဲ့သော လက်နက်ကိုင် ပဋိပက္ခသည်ပင် အနိဋ္ဌာရုံကြီးတစ်ခု ဖြစ်စေခဲ့သဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခဟူသမျှသည် ချုပ်ငြိမ်းရန် အချိန်ကျပြီဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မိခဲ့ပါသည် ။

၁၉၉၆ ခု နှစ် ရန်ကုန်စက်မှုတက္ကသိုလ်တွင် ကျောင်းတက်နေစဉ် အဆောင်နေကျောင်းသားများ၏ ရေးရာများကို လိုက်ပါဖြေရှင်းပေးခဲ့ပါသည် ။ ထိုသို့ဖြေရှင်းဆောင်ရွက်ပေးနေစဉ် ကျွန်ုပ်၏ ကျိုးပမ်းမှုများကို ကျောင်းဆရာများ နှင့် အာဏာပိုင် အဖွဲ့အစည်းများမှ နိုင်ငံရေးလှုပ်ရှားမှုဟု သံသယဝင်လာသည်ဟု ထင်မြင်ခဲ့ ပါသည် ။ ထိုအချိန်တွင် ( တ.က.သ ) ၊ ( မ.က.သ ) ( ဗ.က.သ ) ဟူသော ကျောင်းသားအဖွဲ့အစည်းများအကြောင်း ကြားပင်မကြားဘူးပါ ။ ထိုသူများကိုလည်း တကြိမ်တခါမျှ ရွေးချယ်ပေးခဲ့ရခြင်း မရှိပါ ။

ကျွန်ုပ်အနေဖြင့် မိဝေးဘဝေး အဆောင်နေကျောင်းသားများ အရေးကို တတ်အားသမျှ လိုက်ပါ

ဖြေရှင်းဆောင်ရွက်ပေးလိုစိတ်သာ ရှိခဲ့ပါသည် ။ သို့သော် လူစုခြင်း လှုံ့ဆော်ခြင်းတို့ကို မူ ပြုလုပ်ခဲ့ပါသည် ။ ထိုသို့ လှုံ့ဆော် စုစည်းထားသော ကျောင်းသားအင်အားကို အခြေခံ၍ ကျောင်းသားများ၏ လတ်တလောပြဿနာများကို ဆရာများနှင့် ပူးပေါင်း ဆွေးနွေး အဖြေရှာနိုင်ခဲ့သည်ချည်းဖြစ် ပါသည် ။

သို့သော် ''ငြိမ်းချမ်းစွာ ပညာသင်ကြားလိုသော ကျောင်းသားများ'' ဟု အောက်တွင် လက်မှတ်ရေးထိုးထားသော စာတစောင် ကို လက်ခံရရှိပြီးသောအခါ ကျောင်းသားများအကြားသွေးခွဲသည်ဟူသော အမြင်ဖြင့် ပါမောက္ခချုပ် နှင့် မော်ကွန်းထိန်း တို့အား ဤသို့သော နည်းလမ်းများဖြင့် မဖြေရှင်း ကြစေရန် လူစုလှုံ့ဆော် ခဲ့ပြန်ပါသည် ။

ထိုကိစ္စကြောင့် ကျွန်ုပ် နေမျိုးဝေ နှင့် တင်မောင်မောင်ရှိန် ကျောင်းသား နှစ်ယောက်အား အဆောင်မှ မိဘရပ်ထံ (၇) ရက် ပြန်လည် နားနေစေခဲ့ပါသည် ။ ထိုဖြစ်ရပ်ကပင်လျှင် ၁၉၉၆ ခု နှစ် ကျောင်းသားပြဿနာ၏ နိဂုံးကို မွေးဖွါး ဖြစ်ခဲ့ပါတော့သည် ။ဆရာများနှင့်ညှိနှိုင်းဆောင်ရွက်လေ့ရှိသူကျောင်းသားများကျောင်းတွင် မရှိတော့ခြင်းကြောင့်လည်းဖြစ်ပါသည် ။

၁၉၉၈ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ လေကြောင်းအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ပြီး မြန်မာ့လေကြောင်း အင်ဂျင်နီယာဌာနတွင် လေယာဉ်စက်ပြင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည် ။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများသည် ပြုပြင်ပြောင်းလဲရန် အချိန်ကာလတစ်ခုသို့ ရောက်ရှိနေပြီဟု ကြိမ်ဖန်များစွာ သုံးသပ်မိပါသည် ။

ထို့ကြောင့် နိုင်ငံရေးလောက သို့ အမြဲမပြတ်ထိစပ်ပြီး ဆွေးနွေးခဲ့ပါသည် ။ အဖြေထုတ်နိုင်သည့် နည်းလမ်းကိုမူ မတွေ့ရှိခဲ့ပါ ။ ထို့ကြောင့် ကျွန်ုပ်မယုံကြည်သော လူထု တော်လှန်ပြောင်းလဲရေးများ ၊ လက်နက်ကိုင် တော်လှန်ပြောင်းလဲခြင်းများထက် လွှတ်တော် နိုင်ငံရေးဖြင့်သာ တဖြည်းဖြည်း ချဉ်းကပ်ပြောင်းလဲသင့်ကြောင်း ဆုံးဖြတ်မိခဲ့ပါသည် ။

ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး နှင့် စီးပွါးရေးပိတ်ဆို့မှု ဆန့်ကျင်ရေး လှုပ်ရှားမှုတို့ကို ပူးပေါင်းပါဝင်ခဲ့ပါသည် ။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ လေ့လာခြင်း ဖွဲ့စည်းပုံဆိုင်ရာ ဗဟုသုတဖြန့်ဝေခြင်း နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံရေးလှုပ်ရှားမှုတို့ကို ပါဝင်စေ့ဆော် ခဲ့ပြန်ပါသည် ။

နိုင်ငံရေး နှင့် ပြည်သူအလှမ်းကွာဝေးနေသည်ကိုသိရှိရပြီး ပြည်သူအများ နိုင်ငံရေး သဘောတရား နှင့် ဗဟုသုတ တိုးပွါးစေရန်ရည်ရွယ်၍ နိုင်ငံရေး ဆောင်းပါးများကို အင်တာနက်စာမျက်နှာများတွင် ၂၀၀၅ ခု နှစ်မှစ၍ ရေးသားဖြန့်ဝေခဲ့ပါသည် ။ ပေါ်ပြူလာနယူးဂျာနယ်တွင်လည်း မောင်တွေးရဲ ၊ မောင်ရဲရင့် ၊ နေမျိုးဝေ ဟူသော ကလောင်အမည်များဖြင့် နိုင်ငံရေးအတွေးအခေါ်ဆောင်းပါးများ ရေးသားခဲ့ပါသည် ။

၂၀၀၇ စက်တင်ဘာ အရေးအခင်းတွင်လည်း တည်ငြိမ်စွာ ရပ်စဲနိုင်ရေး ကြိုးပမ်းခဲ့ပါသည် ။ သို့သော် မအောင်မြင်ခဲ့ပါ ။အမျိုးသားညီလာခံပြီးဆုံး၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာသောအခါ နိုင်ငံရေးတွင် ပါဝင်ပတ်သတ်မှုမရှိတော့ဘဲ မိသားစု စီးပွါးရေးတွင်လုံးပမ်းရန် ဆုံးဖြတ်ခဲ့ပါသည် ။

၂၀၀၈ ခု နှစ် နာဂစ် လေမုန်တိုင်း ဒဏ်သင့်ဒေသတွင် ဆွေမျိုးသားခြင်းများစွာ အသက်ဆုံးရှုံးခဲ့ရခြင်း ပြန်လည် ထူထောင်ကယ်ဆယ်ခြင်းများတွင် ကိုယ်တိုင် ( ၁ ) နှစ်ခန့် လုပ်ဆောင်ခဲ့ရသောအခါ မိမိအမြင်များကို တင်ပြဆွေးနွေးနိုင်သော ဇရိယာ တစ်ခုလိုအပ်ကြောင်း သိရှိခဲ့ရပါသည် ။

ထို့ကြောင့် သတင်းမီဒီယာများကြားတွင် ကူးခတ်ခဲ့ရပြန်ပါသည် ။ ထို့နောက် ခွန်အားရှိသော သတင်းစကားဖြစ်စေရန် လူအများစုဝေးပြောဆိုခြင်းသည် မရှိမဖြစ်လိုအပ်လာပြန်သောကြောင့် ပြည်ထောင်စု

ဒီမိုကရေစီမဟာမိတ်အဖွဲ့ဖြင့် ပူးပေါင်း ပြောဆိုလုပ်ကိုင်ခဲ့ပါသည် ။

သို့သော် အဖွဲ့အစည်း၏ စည်းကမ်း အများသဘောကို ညီရန် ညှိနှိုင်းရသောကြောင့် မိမိအမြင်များထုတ်ဖော်နိုင်ခွင့် ဆုံးရှုံးရပြန်ပါသည် ။ ထို့ကြောင့် မိမိတို့ အမြင်များလွတ်လပ်စွာထုတ်ဖော်တင်ပြနိုင်ရန် တသီးပုဂ္ဂလကွန်ယက်ကို ဖွဲ့စည်းပြန်ပါသည် ။ မိမိပြောစကားကို မိမိတာဝန်ယူရသော လွတ်လပ်သော ကွန်ယက်ဖြစ်ပါသည် ။၂၀၀၈ ခုနှစ် နှစ်လယ်ပိုင်းလောက်ကဖြစ်ပါသည် ။

နိုင်ငံရေးပါတီများမှတ်ပုံတင် ဥပဒေများထွက်ပေါ်လာသော အခါ အချို့သော နိုင်ငံရေးသမားကြီးများကစည်းမျဉ်းစည်းကမ်းတင်းကျပ်သည်ဟု ပြောဆိုနေပြန်ပါသဖြင့် နိုင်ငံရေးပါတီထူထောင်ပြဖို့ သင့်ကြောင်းဆုံးဖြတ်ပြီးပါတီမှ နိုင်ငံရေးစကားကို လွတ်လပ်စွာ ထင်မြင်တင်ပြဖော်ထုတ်နိုင်ရန် မတူကွဲပြားခြင်း နှင့် ငြိမ်းချမ်းရေးစာမူကိုလူငယ် ၆ဴး ယောက်နှင့် ( ၁၃.၅.၂၀၁၀ ) နေ့တွင် ရေးသားဖြန့်ဝေ ကာ ပါတီထူထောင်ခဲ့ပါသည် ။

၂၂.၅.၂၀၁၀ နေ့တွင် လူဦးရေ (၃၀) ပါဝင်သော ပါတီအမြုတေ အဖွဲ့၏ သုံးသပ်တည်းဖြတ်မှုနှင့်မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ ပေါ်ပေါက်လာခဲ့ရပါသည် ။

မတူကွဲပြားခြင်း နှင့် ငြိမ်းချမ်းရေးပါတီ၏ အထွေထွေအတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပြီးမင်္ဂလာဒုံ + အင်းစိန်မြို့နယ် ဖြစ်သော ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁၀) ကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည် ။

လူထုထောက်ခံမှု အနည်းငယ်သာရရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးချယ်မခံရပါ ။ သို့သော်လူနည်းစုကို ကိုယ်စားပြုသော ကျွန်ုပ်၏ နိုင်ငံရေးယုံကြည်ချက်များကို ဆက်လက်ဖြန့်ဝေလှုံ့ဆော်နေပါသည် ။လူများစုလက်လာပြီး နိုင်ငံအဝှမ်းကျင့်သုံးဆောက်တည်လာစေရန် အားထုတ်နေပါသည် ။

၂၀၁၀ နိုဝင်ဘာ ( ၁၄ ) ရက်မှစတင်ပြီး ‘‘ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီမှ မိဘပြည်သူများသို့တင်ပြသော နိုင်ငံရေးအဖွင့် ’’ ဟူသော စာအုပ်ကိုစတင်ဖြန့်ချိပြီး – ၂၀၁၁ ခု နှစ် ဇန်နဝါရီလ မှစ၍ဒိုင်ဗားစတီးစာစောင်ကို လစဉ်ထုတ်အဖြစ် တစ်စိုက်မတ်မတ်ထုတ်ဝေနေပါသည် ။

ယခုအခါ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၏ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်လျှက်ရှိသည် ။


နေမျိုးဝေ

ဥက္ကဋ္ဌ

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ